

# မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ
# အစီရင်ခံစာ
# ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ

Network for Human Rights Documentation - Burma
ND - Burma

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက်(မြန်မာနိုင်ငံ)

Cover photo: © မျက်နှာဖုံး။ တအာန်းအမျိုးသမီးအစည်းအရုံး ( TWO)။
ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်ရှိ ဒုက္ခသည်စခန်းတခု။

ပုံနှိပ် = လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

GPO 315, Chiang Mai 50000, Thailand
T/F - +66 (0) 53 304 404
office@nd-burma.org, www.nd-burma.org

# နိဒါန်း

ND-Burma အဖွဲ့ဝင်များသည် ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေးချိုးဖောက်ခံရ၍ နစ်နာခဲ့ရသူ များ၏ လိုလားချက်များကို မှတ်တမ်းတင်လျက်ရှိသည်။ ရရှိလာသည့် အချက်အလက်များကို အသွင်ကူး ပြောင်းရေးကာလ တရားမျှတမှုဆိုင်ရာ (TJ) လုပ်ငန်းစဉ်အတွင်းမှ လူ့အခွင့်အရေးချိုးဖောက်ခံရသူများ၏ ဘဝပြန်လည်ထူထောင်ရေးအတွက် အထောက်အပံ့အကူအညီများပေးနိုင်ရန် ရည်ရွယ်၍ အစီရင်ခံစာတစောင် ပြုစုနေခြင်းဖြစ်သည်။

ထို့ကြောင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း ဖြစ်ပျက်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ရန် အချိန်မပေးနိုင်သဖြင့် ပြည့်စုံသည့် မြန်မာနိုင်ငံလူ့အခွင့်အရေးအစီရင်ခံစာ အစား ၂၀၁၇ ဇန်နဝါရီမှ ဇွန်လအထိ ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုး ဖောက်မှု ၂၄ ခုကို ND-Burma အဖွဲ့ဝင်များမှ မှတ်တမ်းတင်ထားသည့်အပေါ် သုံးသပ်ချက်ကိုသာ ထုတ်ပြန်နိုင်သည်။

# မှတ်တမ်းတင်သည့် နည်းလမ်း

၆လ တကြိမ်ထုတ်ပြန်သည့် လူ့အခွင့်အရေးအခြေအစီရင်ခံစာအတွက် ND-Burma အဖွဲ့ဝင်များသည် ပြည်နယ် နှင့် တိုင်းဒေသကြီး ၁၄ ခုအနက်မှ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၀ ခုတွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ပါသည်။ ယခု အကျဉ်းချုပ် နောက်ဆုံးအခြေအနေ အစီရင်ခံစာတွင် ပါရှိသည့် မှတ်တမ်းများမှာ ND-Burma အဖွဲ့ဝင် ၂ ဖွဲ့က ပြည်နယ် ၂ခုတွင် မှတ်တမ်းတင်ထားခြင်းဖြစ်သည်[1]။

ND-Burma မှ ကွင်းဆင်းမှတ်တမ်းကောက်ယူသူများသည် ဖြစ်နိုင်သည့် သတင်းအရင်းအမြစ် အတော်များ များ၏ ဟုတ်မှန်ကြောင်း အတည်ပြုထွက်ဆိုချက်များအပေါ် အခြေခံ၍ နစ်နာခဲ့သူများ၊ မျက်မြင်ကြုံတွေ့ရသူများ နှင့် အဖြစ်အပျက်ကို လေ့လာသိရှိသူများအား တွေ့ဆုံမေးမြန်း မှတ်တမ်းတင်ပါသည်။

လူ့အခွင့်အရေးချိုးဖောက်မှုများကို ကွင်းဆင်း မှတ်တမ်းတင်ကြသူများသည် နိုင်ငံတကာ အဖွဲ့အစည်းများ၏ အကူအညီဖြင့် ND-Burma မှ သင်တန်းပေးထားသူများဖြစ်သည်။ ထို့ကြောင့် ND-Burma ၏ မှတ်တမ်းတင် ခြင်းလုပ်ငန်းသည် စနစ်ကျ၊ တသမတ်တည်းဖြစ်ခြင်းနှင့်အတူ ယုံကြည်စိတ်ချရပါသည်။ ထို့အပြင် နစ်နာခဲ့ရ သူများ၏ စိတ်ဆန္ဒသဘောထားနှင့် လုံခြုံရေးကိုလည်း ထည့်သွင်းစဉ်းစား မှတ်တမ်းတင်ပါသည်။

ကွင်းဆင်းမှတ်တမ်းတင်သူများအနေဖြင့် အန္တရာယ် အကြီးအကျယ်ကြားမှ အရဲစွန့် မှတ်တမ်းတင်ရခြင်းဖြစ်သည်။ လုံခြုံရေးနှင့် မှတ်တမ်းတင်ရန် အခွင့်အရေးရနိုင်မှုတို့သည် ၎င်းတို့၏ မှတ်တမ်းတင်မှုအပေါ် သက်ရောက်မှုရှိပါသည်။ ချိုးဖောက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားသည့် စစ်မက်ဖြစ်ပွားရာဒေသများသို့ သတင်းရယူခွင့်နှင့် မှတ်တမ်းတင်ခွင့်ကို တပ်မတော်မှ တစိုက်မတ်မတ် တင်းကြပ်စွာ ချုပ်ကိုင်ထားသည်။ လက်တုန့်ပြန် အရေးယူ ခံရမည့်အပေါ် စိုးရိမ်ကြောင့်ကြနေ၍ နစ်နာခဲ့သူများမှ ၎င်းတို့အတွေ့အကြုံများကို ထုတ်ဖော်ပြောပြရန် ဝန်လေးနေတတ်သည်။ ထို့ကြောင့် တိုင်းပြည်အတွင်း ဖြစ်ပျက်နေသည့် ချိုးဖောက်မှုများ အနက်မှ ရသမျှအခွင့်အရေးအခြေအနေအတွင်းလျှပ်တပြက်သာမှတ်တမ်းတင်နိုင်ခြင်းဖြစ်သည်။

ND-Burma အဖွဲ့ဝင်များသည် ၂၀၀၄ ခုနှစ်မှစတင်ကာ လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ကာ ယခုအခါတွင် အချက်အလက်ပေါင်း ၆၀၀၀ နီးပါး ထည့်သွင်းသိုမှီးထားသည့် လုံခြုံစိတ်ချရသော ဒေတာဘေ့စ် (Database) အတွင်း မှတ်တမ်းများကို ထည့်သွင်း သိမ်းဆည်းထားသည်။

1. The two members who provided documentation for the update are the Ta'ang Women's Organisation (TWO) and the Kachin Women's Association of Thailand (KWAT).

# စိစစ်တွေ့ရှိချက်များ

- ၂၀၁၇ ဇန်နဝါရီမှ ဖွန်လအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု ၂၄ ခုကို ND-Burma မှ မှတ်တမ်းတင်နိုင် သည်။ ချိုးဖောက်မှု ၂၃ ခုမှာ ရှမ်းပြည်နယ်နှင့် အခြား ၁ ခုမှာ ကချင်ပြည်နယ်တွင် မှတ်တမ်းတင်ထား ခြင်းဖြစ်သည်[2]။

- အဖြစ်အများဆုံး လူ့အခွင့်အရေးချိုးဖောက်မှုသည် ညှဉ်းပန်းနှိပ်စက်မှုဖြစ်ပြီး ၁၄ ခု မှတ်တမ်းတင်နိုင်သည်။ ဒုတိယအများဆုံးမှာ သတ်ဖြတ်မှုဖြစ်ပြီး ၆ ခု မှတ်တမ်း တင်နိုင်သည်။

- ယခုအစီရင်ခံသည့် ကာလအတွင်း ချိုးဖောက်မှုများသည် စစ်ဖြစ်ပွားနေသည့် ဒေသများတွင် ဖြစ်ပွား ခြင်းဖြစ်သည်။

- လူ့အခွင့်အရေးချိုးဖောက်မှု ၂၄ ခုအနက် ၁၇ ခုမှာ အစိုးရလုံခြုံရေး အင်အားစုများဖြစ်သည့် တပ်မတော်နှင့် ရဲတပ်ဖွဲ့က ကျူးလွန်ခြင်းဖြစ်သည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက ကျူးလွန်မှု များရှိပြီး၊ ၄ ခုမှာ မည်သူ ကျူးလွန် ချိုးဖောက် ခဲ့ကြောင်း မထုတ်ဖော်နိုင်ပေ။

- လူ့အခွင့်အရေးချိုးဖောက်သူများ အပြစ်အပေးအရေးယူခြင်းမှ ကင်းလွတ်နေ သည်မှာ စံတခုလို ဆက်လက်ဖြစ်ပေါ်နေသည်။ ယခုဖော်ပြထားသည့် ချိုးဖောက်မှု ၂၄ ခုစလုံးတွင် မည်သည့်ကျူးလွန် သူမှ တရားရုံးတင် ရင်ဆိုင်ဖြေရှင်းရခြင်းမျိုးမရှိပေ။ ညှဉ်းပန်းနှိပ်စက်မှုနှင့် သတ်ဖြတ်ခံရသည့် ကိစ္စများတွင် နစ်နာ ခဲ့သူနှင့် မိသားစုဝင်များမှ တပ်မတော်မှ လျော်ကြေးသဘောမျိုးပေး လေ့ရှိသော်လည်း နိုင်းယှဉ်ချက် အရဆိုလျှင် မပြောပလောက်သည့် သဘောမျိုးပေး ခြင်းသာဖြစ်သည်ကို မကြာ ခဏတွေ့ရသည်။

2. Two violations took place at the end of 2016 but were recorded in 2017.

# ခြုံငုံသုံးသပ်ချက်

ND-Burma မှ ထုတ်ပြန်သည့် ၂၀၁၆ ခုနှစ်အတွင်း တိုင်းပြည်၏ လူ့အခွင့်အရေးအခြေအနေ အစီရင်ခံစာအရ တွေ့ရှိရသည်မှာ တိုင်းရင်းသားဒေသတချို့တွင် လက်နက်ကိုင်စစ်ပွဲများ တကျော့ပြန် ကြီးထွားလာမှုနှင့်အတူ ချိုးဖောက်မှုများလည်း သိသာထင်ရှားစွာ တိုးပွားလာခြင်းဖြစ်သည်[3]။ ရှမ်းပြည်နယ်တွင် အထူးသဖြင့် ချိုးဖောက် မှုအရေအတွက်များ များပြားလာသည်ကို တွေ့ရသည်။ ချိုးဖောက်မှု အများစုကို အစိုးရ၏ လုံခြုံရေးတပ်ဖွဲ့များက ချိုးဖောက်ပြီး ၎င်းတို့၏ လုပ်ရပ်အတွက် တာဝန်ယူစရာလည်း မလိုပေ။

စစ်ဖြစ်ရာဒေသများတွင် စစ်တပ်၏ တားဆီးပိတ်ဆို့မှုများကြောင့် အရပ်သားများ လွတ်လပ်စွာ သွားလာမှု ထိန်းချုပ်ခံနေရပြီး ရလဒ်အနေဖြင့် စစ်ရှောင်ဒုက္ခသည်များ နိုင်ငံတကာအကူအညီများ မရရှိတော့ခြင်းဖြစ်သည်[4]။ ရခိုင်ပြည်နယ်အတွင်း မွတ်စလင်များအပေါ် ကျူးလွန်သည်ဆိုသည့် စွပ်စွဲမှုများကြောင့် နိုင်ငံတကာမှ ပြင်းထန်စွာ တုန့်ပြန်ကြပြီး။ ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆ (ဃ)နှင့် တရားမဝင်အသင်းအဖွဲ့များနှင့် ဆက်သွယ်မှု ပုဒ်မ ၁၇/ ၁ ကို ကျင့်သုံးမှုကြောင့် နိုင်ငံရေးအကျဉ်းသားများ တိုးပွားလာသည်[5]။

၂၀၁၆ခုနှစ်အတွင်းဖော်ထုတ်ခဲ့သည့်မတရားပြုကျင့်မှုများနှင့်ဖိနှိပ်မှုများသည် ၂၀၁၇ အထိ ကံဆိုးစွာ ဆက် လက်ဖြစ်ပေါ်နေသည်။ ပုဒ်မ ၆၆ (ဃ)နှင့် ၁၇/၁ ကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုမှုကို ထိန်းချုပ်ရန် ဆက်လက်အသုံးပြုနေပြီး ၂၀၁၇ခုနှစ်၏ ပထမနှစ်ဝက်အတွင်း အဆိုပါ ဥပဒေဖြင့် နာမည်ကြီး သတင်းထောက်အတော်များများ ဖမ်းဆီးထိန်းသိမ်းခံနေရသည်။ စစ်ဖြစ်ပွားနေသည့် ဒေသများတွင် စစ်တပ်မှ တားဆီးပိတ်ဆို့ မှုများဆက်လက်ပြုလုပ်နေသဖြင့် နိုင်ငံတကာ အကူအညီများမရရှိအောင် ဟန့်တားသကဲ့သို့ ဖြစ်နေသည်။ တိုင်းပြည်တွင်း အထူးသဖြင့် ရခိုင်ပြနည်နယ်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိသည်ဟု စွပ်စွဲမှုများအပေါ် စုံစမ်းရန် လူ့အခွင့်အရေးကောင်စီမှ အချက်အလက်ရှာဖွေရေး ကော်မရှင်တရပ်ကို ဖွဲ့စည်းရန် မတ်လတွင် အတည်ပြုခဲ့သော်လည်း အစိုးရမှ ကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ရန် ငြင်းဆန်နေဆဲဖြစ်သည်။

---

3. ND-Burma report on the human rights situation in Burma, January - December 2016 http://nd-burma.org/nd-burma-2016-report-finds-dramatic-increase-human-rights-violations/

4. See ND-Burma's briefing: 'Pawns in their game: the military's blocking of aid to IDPs in Kachin and northern Shan State', 22 December 2016, http://nd-burma.org/pawns-in-their-game-the-militarys-blocking-of-aid-to-idps-in-kachin-and-northern-shan-state/

5. See ND-Burma's briefing: 'Inconvenient truths: How journalists in Burma continue to be silenced, 18 January 2017, http://nd-burma.org/inconvenient-truths-how-journalists-in-burma-continue-to-be-silenced/

အဆိုပါ အကြောင်းအရာများသည် ပြည်တွင်း၊ ပြည်ပသတင်းစာမျက်နှာများ ပေါ်တွင် အကျယ်တဝင့်ဖော်ပြ နေသကဲ့သို့ ယခု နောက်ဆုံး အခြေအနေ တင်ပြချက် အစီရင်ခံစာသည်လည်း သတင်းထောက်များ သတင်းရယူရန် စစ်တပ်မှ မကြာ ခနပိတ်ပင်ထားသည့် စစ်ပွဲဖြစ်ပွားရာ ဒေသများရှိ ချိုးဖောက်မှုများကို အဓိက ထား တင်ပြထားသည်။

# ရှမ်းပြည်နယ်ရှိ လူ့အခွင့်အရေးအခြေအနေ

ယခုအစီရင်ခံသည့် ကာလအတွင်း မှတ်တမ်းတင်ထားသည့် ချိုးဖောက်မှု ၂၄ ခုအနက် ၂၃ ခုသည် ရှမ်းပြည် နယ်အတွင်း တအာန်းတိုင်းရင်းသားများအပေါ် ကျူးလွန်မှုများကို တအာန်းအမျိုးသမီးအစည်းအရုံး (TWO) မှ မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ ချိုးဖောက်မှု ၁ ခုမှာ ကချင်ပြည်နယ်အတွင်း ကချင်တိုင်းရင်းသားများအပေါ် ကျူးလွန်မှုကို ကချင်အမျိုးသမီးအစည်းအရုံး ထိုင်းနိုင်ငံ (KWAT) မှ မှတ်တမ်းတင်ထားခြင်းဖြစ်သည်။

တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေမှုနှင့်အတူ အရပ်သားများအပေါ် ကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများလည်း ဖြစ်ပေါ်နေသည်။ ယခုအစီရင်ခံ သည့် ကာလအတွင်း ခန့်မှန်းခြေ တိုက်ပွဲပေါင်း ၁၅၅ ကြိမ်ဖြစ်ပွားပြီး ရှမ်းပြည်နယ်တွင် အများအပြားဖြစ်ပွားခြင်းဖြစ်သည်[6]။ ND-Burma ၏ မှတ်တမ်းများ အရ ချိုးဖောက်မှုအများစုကို အစိုးရ၏ လုံခြုံရေးတပ်ဖွဲ့များက ကျူးလွန်ပြီး ကျန်ချိုးဖောက်မှုများကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များက ချိုးဖောက်ကြခြင်း ဖြစ်သည်။

တပ်မတော်အနေဖြင့် စစ်ဖြစ်ပွားရာဒေသရှိ တိုင်းရင်းသား ပြည်သူများအပေါ် ပစ်မှတ်ထား၍ စနစ်တကျ ကျူးလွန်နေမှုသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ရိက္ခာ၊ ရံပုံငွေ၊ လူသစ်ရရှိမှုနှင့် သတင်းအချက် အလက်မရရှိစေရန် ရည်ရွယ်သည့် ဖြတ်လေးဖြတ် စစ်ဆင်ရေး၏ အစိတ်အပိုင်းတရပ်အဖြစ် ကျင့်သုံးနေခြင်း ဖြစ်သည်။ အကြမ်းဖက် ခြိမ်းခြောက်မှုကြောင့် တိုင်းရင်းသားများ အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အား လူသစ်စုဆောင်းပေးခြင်း၊ တညတာ တည်းခိုခွင့်ပေးခြင်း (သို့) ဆန်တအိတ်မျှပေးခြင်း စသဖြင့် မည်သည့်အကူ အညီမျှ မပေးရဲအောင် လုပ်ဆောင်ခြင်းဖြစ်သည်။

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများအပေါ် ပစ်မှတ်ထားပြီး မကြာခန ကျူးလွန်ချိုးဖောက်သည့် ပုံစံမှာ အတင်းအဓမ္မဖမ်းဆီးခြင်းနှင့် ညှဉ်းပန်း

6. Myanmar Peace Monitor http://mmpeacemonitor.org/research/monitoring-archive

နိုပ်စက်ခြင်းဖြစ်သည်။ ဥပမာအနေဖြင့် ရှမ်းပြည်နယ်၊ မန်တုံမြို့နယ်တွင် မှတ်တမ်းတင်ထားသည့် ဖြစ်ရပ်တွင် (ဖြစ်ရပ်မှန်-၁) တအာန်းရွာသား ၁၇ ဦးကို တပ်မတော်မှ ဖမ်းဆီး ၍ တောတွင်းတနေရာတွင် တညလုံးနှိပ်စက်၊ စစ်ဆေးမေးမြန်းကြသည်။ စစ်သားများက ၄င်းတို့ကို တအာန်း လွတ်မြောက် ရေးတပ်မတော် (TNLA) မှ တပ်သားများဖြစ်သည်ဟု စွပ်စွဲကြပြီး သတင်းအချက် အလက်များမပေးပါက ၄င်း တို့ရွာကို မီးရှို့ပစ်မည်ဟု ခြိမ်းခြောက်ကြသည်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှလည်း တိုင်းရင်းသားအရပ်သားများအပေါ် အကြမ်းဖက်၊ ခြိမ်းခြောက်မှု များ ကျူးလွန်ကြပြီး မှတ်တမ်းတင်ထားသည့် အကြမ်းဖက်မှု ၃ ခုမှာ ၄င်းတို့ကျူးလွန်ကြခြင်းဖြစ်သည်။ ရှမ်းပြည်နယ် မန်တုံမြို့နယ်တွင် မှတ်တမ်းတင်ထားသည့် ဖြစ်ရပ် (ဖြစ်ရပ်မှန် ၂) တွင် ရွာသားတဦးကို TNLA စစ်သားဖြစ်သည်ဟု စွပ်စွဲကာ ရှမ်းပြည်တပ်မတော်-တောင်ပိုင်း (RCSS/SSA) အဖွဲ့မှ ဖမ်းဆီးခဲ့သည်။ အဆိုပါ ရွာသားသည် ညှဉ်းပန်းနှိပ်စက်ခံရပြီး ၉ လကြာ ထိန်းသိမ်းခံခဲ့ရသည်။ ထိုဒေသတွင် ၂၀၁၅ နိုဝင်ဘာလမှစပြီး

TNLA နှင့် RCSS/SSA တပ်ဖွဲ့များအကြား တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသည်။

နောက်ထပ် ဖြစ်ရပ်တခုတွင် တအာန်းရွာသားတဦးမှာ TNLA စစ်သား၏ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိသွားပြီး ၄င်းအား အနီးရှိ တပ်မတော်မှ စစ်သားများက ဆေးဝါးကုသပေးပြီး ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည် (ဖြစ်ရပ်မှန် ၁၁)။

တပ်မတော်မှ တိုင်းရင်းပြည်သူများအား ပစ်မှတ်ထားပြီး လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းများလည်း ရှိသည်။ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (AI) ၏ ဇွန်လ အစီရင်ခံစာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တိုက်ပွဲဖြစ်ပွားရာတွင် အရပ်သားများနေထိုင်သည့် နေရာအနီးတဝိုက်သို့ လက်နက်ကြီးများ ပစ်ခတ်ကြပြီး ထိုသို့ ပစ်ခတ်ခြင်းမှာ "စုပေါင်း အပြစ်ဒဏ်ပေးခြင်း" ပုံစံဖြစ်နေသည်[7]။

သတင်းမီဒီယာများတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြနေသည့် ဖြစ်ရပ် (ဖြစ်ရပ်မှန် ၈)တွင် တပ်မတော်မှ လက်နက်ကြီးဖြင့် ပစ်ခတ်သဖြင့်၊ ရှမ်းပြည်နယ် မူဆယ်မြို့နယ်တွင် ၂ နှစ်အရွယ် မိန်းကလေးငယ်တဦး သေဆုံးသွားမှုဖြစ်သည်။ အဆိုပါပစ်ခတ်မှုနှင့်ပတ်သက်ပြီး တပ်မတော်မှ ငြင်းဆိုသော်လည်း သေဆုံးသွားသည့် ကလေး၏ မိဘများအား အမေရိကန်ဒေါ်လာ ၃၀နှင့် ညီမျှသည့် တရုတ်ယွမ်ငွေကို အလှူငွေအဖြစ် ပေးခဲ့သည်။ အဆိုပါ ဖြစ်ရပ်နှင့် ပတ်သက်ပြီး တပ်မတော်မှ မြန်မာပြည်မြောက်ပိုင်းတွင် ထိုးစစ်ဆင်နေမှုများ ရပ်ဆိုင်းရန် ဒေသခံများမှ လမ်းပေါ်ထွက် တောင်းဆိုကန့်ကွက်ခဲ့ကြသည်။

7. Amnesty International, "All the Civilians Suffer": Conflict Abuse and Displacement in Northern Myanmar, p.14 https://www.amnestyusa.org/wp-content/uploads/2017/06/Myanmar-report-FINAL-VERSION.pdf

အခြားသော နစ်နာခဲ့ရသူများမှာ ၎င်းတို့အပေါ် တိုက်ရိုက် ပစ်မှတ်ထားကျူးလွန်ခံရခြင်းမဟုတ်ပဲ စစ်ပွဲ၏ နောက်ဆက်တွဲ ဆိုးကျိုးအနေဖြင့် ဒဏ်ရာရခြင်း၊ အသက်ဆုံးရှုံးခြင်းများ ဖြစ်ပေါ်ကြရသည်။ ဥပမာအနေဖြင့် ရှမ်းပြည်နယ်၊ သီပေါမြို့နယ်တွင်(ဖြစ်ရပ်မှန်၁၂)မြေမြှုပ်မိုင်းနင်းမိပြီးနောက်မိန်းကလေးတဦးအသက်ဆုံးရှုံးပြီး အခြား ၂ ယောက်မှာ ဒဏ်ရာများ ရရှိသွားကြသည်။ ဒေသခံများမှ အဆိုပါမိုင်းကို RCSS/SSA မှ ထောင်ထားခြင်းဖြစ်သည်ဟု ခန့်မှန်းကြသည်။ ဆယ်စုနှစ်နှင့်ချီပြီး ဖြစ်ပွားနေသည့် မြန်မာ့ပြည်တွင်းစစ်တွင် ထိုကဲ့သို့ အရပ်သားများ "မတော်တဆထိခိုက်ဆုံးရှုံးမှု"မျိုး မကြာခန ဖြစ်ပွားလေ့ရှိသည်။

တချို့ချိုးဖောက်မှုများမှာ "မတရား ရက်စက်မှုတွင် မွေ့လျော်သည့်" အမျိုးအစားအဖြစ် သတ်မှတ်နိုင်သည်[၈]။ ရှမ်းပြည်နယ်၊ နမ့်ဆန်မြို့နယ်တွင် မှတ်တမ်းတင်ထားသည့် ဖြစ်ရပ် (ဖြစ်ရပ်မှန် ၅)တွင် ဆွံ့အနားမကြားသည့် တအာန်း ရွာသားတဦးအား လမ်းမလေ ၂၂ာက်နိုင်တော့သည့်၊ မျက်လုံးများ ဖူးယောင်သည်အထိ တပ်မတော်မှ စစ်သားများက ညှဉ်းပန်းနှိပ်စက် ရိုက်နှက်ခဲ့ကြသည်။ ထို့နောက် စစ်သားများက ရွာသူကြီးအား ဒဏ်ရာရသူ ရွာသားအား မည်သည့်ဆေးရုံသို့မျှမပို့ဆောင်ပါဟု သဘောတူချက်တွင် အတင်းအကြပ် လက်မှတ်ရေးထိုးခိုင်းသည်။ ရွာသားအား ညှဉ်းပန်းနှိပ်စက်သည့် သတင်းအား ပြင်ပသို့မပေါက်ကြားစေရန် ရည်ရွယ်လုပ်ဆောင် ခြင်းဖြစ်သည်။

ယခုအစီရင်ခံသည့်ကာလအတွင်း မှတ်တမ်းတင်ထားသည့် ဖြစ်ရပ်များတွင် ကျူးလွန်သူများမှာ မည်သည့် တရားခုံရုံးတွင်မျှ တရားရင်ဆိုင်ဖြေရှင်းရခြင်းမျိုးမရှိပေ။ ဖြစ်ရပ်တချို့တွင်သာ လျော်ကြေးငွေ အနည်းအကျဉ်း (သို့) အလှူငွေအဖြစ် နစ်နာသူများကို ပေးအပ်ခြင်းမျိုးရှိသည်။ အဆိုပါ လျော်ကြေးများကို အမှားလုပ်ခဲ့ပါသည် ဟု ရှားရှားပါးပါး ဝန်ခံ၊ အသိအမှတ်ပြုခြင်းနှင့်အတူ ပေးအပ်ခြင်း မျိုးတွေ့ရသည်။

ခြွင်းချက်အနေဖြင့် နမ့်ဆန်မြို့နယ်တွင် မှတ်တမ်းတင်ထားသည့် ဖြစ်ရပ်တွင် (ဖြစ်ရပ်မှန် ၇) တပ်မတော်မှ စစ် သားတဦးသည် ရွာသားတဦးအား ဂါးရင်းတုတ်ဖြင့် အကြောင်းမဲ့ ပြင်းပြင်းထန်ထန် ရိုက်နှက်ခဲ့သည်။ ရွာသားမှာ အရိုက်ခံရပြီး မေ့မြောနေခဲ့ကာ ၂ပတ်အကြာတွင် သေဆုံးသွားသည်။ အပြစ်ကျူးလွန်သည့် စစ်သားက အရိုက် ခံရသည့် မိသားစုအား တောင်းပန်ခဲ့ပြီး သူ၏တပ်ရင်းမှလည်း နစ်နာသူ၏ မိသားစုကို ထူးထူးခြားခြား ကျပ် ၁ သန်းကျော် (အမေရိကန်ဒေါ်လာ ၈၈၀ ခန့်) ပေးအပ်ခဲ့သည်။ သို့သော်လည်း ND-Burma မှ သတိပြုမိသည်မှာ အဆိုပါ စစ်သားသည် စစ်ခုံရုံးဖြင့်ဖြစ်စေ အရပ်သားခုံရုံးဖြင့်ဖြစ်စေ အမှုရင်ဆိုင်ဖြေရှင်းရခြင်းမျိုးမရှိပေ။

8. A phrase used by analyst David Scott Mathieson to describe human rights violations committed by Tatmadaw soldiers.

ရာစုနှစ်ဝက်ခန့်အကြာတွင် ၂၀၁၅ ရွေးကောက်ပွဲဖြင့် ပထမဆုံးအကြိမ် ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ခံရသည့် အစိုးရတက်လာပြီး တနှစ်အကြာတွင်ပင် မယုံကြည်စရာကောင်းလောက်သည့် အခြေအနေကို သတင်းစာဆရာ ဘာတေးလ်လစ်တနာက ယခုလိုရေးခဲ့သည် "စိတ်ပျက်စရာအခြေအနေတွေက အထူးသဖြင့် တိုင်းရင်းသားဒေသတွေမှာ ဖြစ်ပျက်နေတယ်....မြင်တွေ့ရတာ အတော်များများက အရင်တုန်းကထက် တောင် ပိုနေသလိုပါပဲ[9]"

# ဖြစ်ရပ်မှန်များ

### ဖြစ်ရပ်မှန် (၁)။ ရွာသား ၁၇ဦးအား တပ်မတော်မှ ဖမ်းဆီး၊ ညှဉ်းပန်းနှိပ်စက်ခြင်း။

ရှမ်းပြည်နယ်၊ မန်တုံမြို့နယ်။
၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၁-၂၂

တပ်မတော်နှင့် TNLA တို့ တိုက်ပွဲဖြစ်ပွားပြီးနောက် တပ်မတော်၏ ဂျက်တိုက်လေယာဉ်များသည် ပန်ယွန်း ကျေးရွာသို့ ဗုံးကြဲခဲ့သဖြင့် လယ်ယာများ၊ အလယ်တန်းကျောင်းနှင့် ကျေးရွာရှိ အိမ်များ ပျက်စီးသွားသည်။

စစ်သားများရွာအတွင်းသို့ ဝင်လာသည်ကိုတွေ့သည်နှင့် ရွာလူကြီးက ရွာသားများအား လွတ်ရာသို့ပြေးရန် ပြောခဲ့သည်။ စစ်သားများက ထွက်ပြေးသည့် ရွာသား ၃ ဦးနှင့် နောက်ထပ် ၁၄ ဦးကို ရွာတွင် ဖမ်းဆီးခဲ့သည်။

စစ်သားများက ရွာသား ၁၇ဦးကို တောထဲခေါ်သွားပြီးနောက် ကြိုးတုတ်၍ စစ်ဆေးမေးမြန်းကြသည်။ ဖမ်းဆီးခံ ရွာသားများထဲမှ ၃ ဦးမှာ TNLA စစ်သားများ ဖြစ်ပြီး ကျန်သည့်ရွာသားများက အဆိုပါ TNLA စစ်သားများ မည်သူဖြစ် သည်ကို ထုတ်ဖော်မပြောပါက အသတ်ခံရမည်ဟု ခြိမ်းခြောက်ခဲ့သည်။ စစ်တပ်မှ လိုချင်သည့် သတင်းအချက်အလက်များမပေးပါက ရွာကိုမီးရှို့ပစ် မည်ဟုလည်း ခြိမ်းခြောက်ခဲ့ သည်။ ရွာသားများမှာ တရက်နှင့် တညတာမျှ သေနတ်ဒင်ဖြင့် ထုနက်ခံရခြင်း၊ ကန်ကျောက်ခံရခြင်း၊ ဂါးရင်းတုတ်ဖြင့် အရိုက်ခံရခြင်းနှင့် လက်သီးဖြင့် အထိုးခံကြရသည်။

ရွာသားများကို ပြန်လွှတ်ပေးသည့်အချိန်တွင် စစ်သားများက ပန်ယွန်းရွာသား ၃ ဦးကို ရိက္ခာနှင့် ဒဏ်ရာရ စစ်သားများကို နောက်တရွာသို့ ထမ်းပိုးသယ်ဆောင်ရန် ပေါ်တာအဖြစ် ခေါ်ဆောင်ခဲ့သည်။

9. Bertil Lintner, 'One Year on in Myanmar's Suu Kyi's Halo Slipping?', South China Morning Post, 12 November 2016, http://www.scmp.com/week-asia/politics/article/2045262/one-year-myanmar-suu-kyis-halo-slipping

စစ်သားများသည် ရွာသားများထံမှ ကျပ်ငွေ ၁.၄သန်း (အမေရိကန်ဒေါ်လာ ၁၀၀၀) ခန့်ကိုလည်း အတင်း အဓမ္မလုယူခဲ့ကြသည်။

## ဖြစ်ရပ်မှန် ၂။ ရွာသားတဦးအား RCSS/SSA မှ ညှဉ်းပန်းနှိပ်စက်၍ ၉ လကြာ ထိန်းသိမ်းခဲ့။

ရှမ်းပြည်နယ်၊ မန်တုံမြို့နယ်
၂၀၁၆ ခုနှစ် မေလ ၂၇ မှ ၂၀၁၇ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်အထိ

၂၀၁၆ ခုနှစ် မေလ ၂၇ ရက် နံနက်စောစောတွင် မန်တုံမြို့နယ်ရှိ ရွာသား တဦးအား TNLA စစ်သားဖြစ်သည်ဟု သံသယဖြစ်ပြီး RCSS/SSA အဖွဲ့မှ ဖမ်းဆီး ခဲ့သည်။ ၄င်းအား RCSS/SSA စစ်သား ၆၀ ခန့်မှ ဖမ်းဆီးခဲ့ပြီး ပိုင်းဂန်းရိုက် နက်သဖြင့် "ငါတော့ အသက်ရှင်ဖို့ လမ်းမမြင်တော့ဘူးဟု" ထင်ခဲ့ကြောင်း ပြောသည်။

ထို့နောက်သူ့အား RCSS/SSA တောင်ပိုင်း ဌာနချုပ်သို့ခေါ်ဆောင်သွားပြီး စစ်ဆေးမေးမြန်းကြသည်။ TNLS နှင့် ပတ်သက်သည့် အထောက်အထားတစုံတရာ မတွေ့ရသည့်အတွက် သူ့အား ရိုက်နက်မှုမရှိတော့သော်လည်း နောက်ထပ် ၉ လခန့် ထိန်းသိမ်းထားသည်။

## ဖြစ်ရပ်မှန် ၃။ လက်ဖက်တောင်သူ ၃ဦး တပ်မတော် စစ်သားများ၏ ပစ်ခတ်မှုကြောင့် အပြင်းအထန် ဒဏ်ရာ ရရှိခြင်း။

၂၀၁၇ ခုနှစ် မတ်လ ၂ ရက်။

**"တိုက်ပွဲတွေကတော့ ဖြစ်နေတာပဲ၊ ငါတို့လည်း မတားနိုင်ဘူး၊ ဒါပေမယ့် ရွာနားမှာ လာမဖြစ်ကြရင် အကောင်းဆုံးပဲ။ ရွာသားတွေ ကြောက်ကြတယ်၊ နောက်ပြီး ဒုက္ခအရမ်းရောက်ကြတယ်။ တိုက်ပွဲတွေ မရှိတော့ ရင် အကောင်းဆုံးပါပဲ"**

မတ်လ ၂ရက်နေ့တွင် ရွာသား ၃ ဦး သည် လက်ဖက်ခြံ တွင် အလုပ်လုပ် နေစဉ် သေနတ်သံများကြား သဖြင့် သေ နတ်သံများ စဲသွားသည်အထိ ပုန်းအောင်းနေခဲ့ ကြသည်။ ၄င်းတို့ အိမ်အပြန်လမ်းတွင် တပ်မတော်မှ စစ်သား ၅ဦးနှင့် တိုးပြီး စစ်ဆေးမေးမြန်းကြသည်။

စစ်သားတဦးက "သူတို့ကို ပစ်" ဆိုပြီး ရုတ်တရက် အော်လိုက်သဖြင့် ရွာသား များကို စတင်ပစ်ခတ်ကြရာ ၃ ဦးစလုံး ဒဏ်ရာပြင်းထန်စွာ ရရှိသွားကြသည်။



လက်ဖက်တောင်သူတဦး မည်သည့်အကြောင်းမှ မရှိပဲ တပ်မတော် စစ်သားများ၏ ပတ်ခတ်ခြင်းခံရပုံ။

စစ်သားများက ဒဏ်ရာရရှိထားကြသည့် ရွာသားများကို တခြားရွာသားများ လာရောက် သယ်ဆောင်မှသာ ဆေးရုံသို့ သွားခွင့်ပြုမည်ဟု တားမြစ်ထားကြ သည်။ လူမှုရေး အသင်းတဖွဲ့က အ ဆိုပါရွာသားများအား လာရောက် ကူညီပြုစုစောင့် ရှောက် ပြီးနောက် ဆေး ရုံသို့ ပို့လိုက် ကြသည်။ ရွာသား နှစ်ဦးမှာ ခွဲစိတ်ကုသရန် လိုအပ်နေ သည်။

ရွာသူကြီးမှ "တိုက်ပွဲတွေ က တော့ ဖြစ်နေ တာပဲ၊ ငါတို့လည်း မတားနိုင်ဘူး၊ ဒါပေမယ့် ရွာနားမှာ လာမဖြစ်ကြရင် အကောင်းဆုံးပဲ။ ရွာ သားတွေကြောက်ကြတယ်၊ နောက်ပြီး ဒုက္ခအရမ်းရောက်ကြ တယ်။ တိုက်ပွဲ တွေမရှိ တော့ရင် အ ကောင်းဆုံးပါပဲ" ဟုပြောသည်။

## ဖြစ်ရပ်မှန် ၄။ ရွာသားများ တပ်မတော် စစ်သားများ၏ အတင်းအကြပ်ဖမ်းဆီး နှိပ်စက်ခံရခြင်း

နမ့်ဆန်မြို့နယ်၊ ရှမ်းပြည်နယ်
၂၀၁၇ ခုနှစ် မတ်လ ၆ ရက်၊ ၁၁ ရက်၊ မေလ ၁၃-၁၄

မတ်လ ၆ ရက်နေ့မှ မေလ ၁၄ ရက်နေ့အထိ မုံးယောတွင် အခြေစိုက်သည့် တပ်မတော်မှ စစ်သားများသည် လွေးပန်းရွာသားတဦးအား TNLS နှင့် ပတ်သက်သည်ဟု သံသယဖြစ်ကာ ဖမ်းဆီး စစ်ဆေး နှိပ်စက်ကြသည်။

စစ်သားများက ရွာသူကြီးအား တခြားရွာသားတွေ TNLA နှင့် ဆက်သွယ်မှု ရှိကြလားဟု စစ်ဆေးမေးမြန်းရာ၊ ရွာသူကြီးမှ ရွာသားများသည် သာမန် အရပ်သားများသာ ဖြစ်ကြသည်ဟု ပြန်ဖြေသည်။ စစ်သားများမှ "ငါတို့ကို မလိမ်နဲ့၊ အမှန်အတိုင်းပြော၊ ငါတို့ကိုလိမ်ရင် မင်းကို TNLA ယူနီဖောင်းဝတ်ပေးပြီး သေနတ် နဲ့ပစ်မယ်" ဟု ခြိမ်း ခြောက်သည်။

စစ်သားများက တခြားရွာသားများအားလည်း စစ်ဆေးမေးမြန်းရာတွင် အမှန်အတိုင်း မပြောပါက ရွာကိုမီးရှို့ပြီး ရွာလမ်းကို ပိတ်ထားမည်ဟု ခြိမ်းခြောက်ကြသည်။ ရွာသားတဦးမှာ ဦးခေါင်းနှင့် ကျောကုန်းကို အကြိမ်ကြိမ် အကန်ခံရသည်။ ရွာသားများကို ထိုနေ့တွင်ပင် (သို့) နောက်နေ့တွင် ပြန်လွှတ်ပေးခဲ့သည်။

### ဖြစ်ရပ်မှန် ၅။ မသန်စွမ်းရွာသားတဦးအား တပ်မတော် စစ်သားများမှ ညှဉ်းပန်းနှိပ်စက်ခြင်း။

နမ့်ဆန်မြို့နယ်၊ ရှမ်းပြည်။
၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်။

တပ်မတော်စစ်သားများမှ ရွာသားတဦး ရေခပ်သွားစဉ် ဖမ်းဆီးခဲ့သည်။ ရွာသားမှာ ဆွံ့အ၊ နားမကြားသူ ဖြစ်သ ဖြင့် စစ်သားများမှ မေးမြန်းသည့်အခါ ပြန်လည်တုန့်ပြန် ဖြေကြားနိုင်ခြင်းမရှိပေ။ ထို့ကြောင့် စစ်သားများမှ သူ့အား ကြိုးဖြင့် တုတ်ပြီး ပိုင်းဂန်းရိုက်နှက်ရာ လမ်းမလျှောက်နိုင်၊ မျက်လုံးပင်မဖွင့်နိုင်တော့အောင် ဖူးယောင်၊ ဒဏ်ရာများရသွားသည်။

စစ်သားများက ရွာသားကို ပြန်လွှတ်ပေးပြီးနောက် ရွာသူကြီးအနေဖြင့် ၄င်းအား ဆေးရုံတင်ပို့ကုသခြင်း မပြုပါဆိုသည့် ခံဝန်ချက်ကို အတင်းအကြပ် လက်မှတ်ထိုးစေသည်။

### ဖြစ်ရပ်မှန် ၆။ စိတ်ပုံမှန်မဟုတ်သည့် ရွာသားအား တပ်မတော် စစ်သားများမှ ညှဉ်းပန်းနှိပ်စက်ခြင်း

ရွာသားတဦးထင်းကောက်သွားစဉ်တပ်မတော်စစ်သားများမှဖမ်းဆီးခဲ့သည်။ သူ၏ စိတ်အခြေအနေကြောင့် စစ်သားများက သူ့ကိုစကားပြောသည့်အခါ ပြန်လည်ဖြေကြားနိုင်ခြင်း မရှိပေ။ ထို့ကြောင့် ၄င်းအား TNLA စစ် သားဖြစ်မည်ဟု သံသယဝင်ပြီး စစ်သားများမှ ဖမ်းဆီးခဲ့သည်။

စစ်သားများမှအဆိုပါရွာသားအားသေနတ်ဒင်ဖြင့်ရိုက်နှက်၊ထုထောင်းကြရာ ရွာသား၏ မိခင်က သူ့သားမှာ အပြစ်မရှိကြောင်း၊ စိတ်ပုံမှန်မဟုတ်သည့်အတွက် သူ့အား မေးမြန်းလျှင် ပြန်ဖြေလေ့မရှိကြောင်း ပြောမှ ရပ်တန့်ကြသည်။

စစ်သားများက သူ့ကိုပြန်လွှတ်ပေးပြီး စိတ်ပုံမှန်မဟုတ်သူအဖြစ် မသိကြောင်း၊ ဆေးဝါးကုသရန် ငွေကြေး ထောက်ပံ့ပေးမည်ဟု ပြောသော်လည်း တပြားတချပ်မှ မပေးဘဲ နောက်နေ့စောစောတွင် ရွာမှထွက်ခွာသွားကြသည်။

## ဖြစ်ရပ်မှန် ၇။ တပ်မတော် စစ်သားမှ ရွာသားအား သတ်ဖြတ်ခြင်း

နမ့်ဆန်မြို့နယ်၊ ရှမ်းပြည်။



တပ်မတော် စစ်သားတဦးမှ ဂါးရင်းတုတ်ဖြင့် ဦးခေါင်းတွင် အရိုက်ခံရပြီး မေ့မြောနေသည့် ရွာသား။ သတိလစ်ပြီး မကြာမီသေဆုံးသွားသည်။

ဖေဖော်ဝါရီ ၂၃ ရက်နေ့တွင် တပ်မတော်မှ စစ်သား တဦးသည် ရွာရှိ အမျိုးသမီး တဦးနှင့် စကားပြောနေပြီး အမျိုးသမီးမှာ ငိုနေ၍ ရွာသား တဦးမှ ဘာလို့ငိုနေလဲဟု မေးမြန်းသည်။ စစ်သားက အဆိုပါ ရွာသားအား “မင်းက ရွာလူကြီးလား၊ ဘာလို့မေး တာလဲ” ဟုပြောဆိုကာ ရွာသား၏ ဦးခေါင်းအား ဂါးရင်း တုတ်ဖြင့် ရိုက်နက်ခဲ့သည်။

အရိုက်ခံရပြီးသည့်နောက် ရွာသားမှာ လမ်းမလျှောက်နိုင်၊ စကားမပြောနိုင်တော့ပေ။ ရွာတွင်းရှိ စစ်သားများက ရွာသားအား ဆေးကုသရန် တခြားသို့ သယ်ဆောင်ခွင့်မပြုပဲ ၎င်းတို့ကိုယ်တိုင် ဒဏ်ရာကို ချုပ်ပေးသည်။ ရွာသားမှာ သတိလစ်သွားရာမှ ပြန်လည် သတိမရတော့ပေ။

နောက်တနေ့တွင် ရွာလူကြီးနှင့် ဒဏ်ရာရသူ ရွာသား၏ ဇနီးက သူ့အား ဆေးရုံသို့ ပို့ခွင့်ပြုရန် စစ်သားများထံ တောင်းပန်ခဲ့သည်။ စစ်သားများက သွားခွင့်ပြုပြီး သူ့ဇနီးအား ကျပ် ၅ သိန်း (အမေရိကန်ဒေါ်လာ ၃၇၀) ကို ဆေးဖိုးအဖြစ် ပေးလိုက်သည်။ တရက်တည်းတွင်ပင် ရိုက်နက်ခဲ့သည့် စစ်သားက ဒဏ်ရာရသူ ရွာသားအိမ်သို့လာရောက်ပြီး သူလုပ်ခဲ့မိသည့်အတွက် တောင်းပန်ကြောင်းနှင့် ဆေးကုရန် ကျပ် ၇ သောင်း (ဒေါ်လာ ၅၀) ကို ရွာသား၏ ဇနီးအား ပေးအပ်ခဲ့သည်။

မတ်လ ၁ ရက်နေ့တွင် ဒဏ်ရာရသူ ရွာသားမှာ သေဆုံးသွားသည်။ စစ်သားများက ရွာသား၏ မိသားစုကို နောက်ထပ် ကျပ် ၇ သိန်း (ဒေါ်လာ ၅၀၀) ထပ်မံပေးအပ်ခဲ့သည်။

**ဖြစ်ရပ်မှန် ၈။ တပ်မတော်မှ ပစ်လိုက်သည့် နက်လက်ကြီးကျည်ကြောင့် ကလေး တဦးသေဆုံးပြီး အခြား ၂ဦး ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားခြင်း။**

မူဆယ်မြို့နယ်၊ ရှမ်းပြည်။
၂၀၁၆ အောက်တိုဘာ ၁ ရက်

၂၀၁၆ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ရှမ်းပြည်၊ မူဆယ်မြို့နယ်အတွင်း တပ်မတော်မှ လက်နက်ကြီးဖြင့် ပတ်ခတ်ခဲ့သဖြင့် ၂ နှစ်အရွယ် ကလေးမလေး တဦးသေဆုံးပြီး ၃ နှင့် ၄ နှစ်အရွယ် အခြား ကလေးနှစ်ဦး ပြင်းထန်စွာ ဒဏ်ရာ ရရှိသွားသည်။

ရွာသားများ ပြောပြချက်အရ အောက်တိုဘာလ ၁ရက်နေ့တွင် သတိပေးခြင်းမရှိပဲ ရွာအတွင်းသို့လက်နက်ကြီး ကျည် ၆ လုံးကျရောက် ပေါက်ကွဲခဲ့သည်။ ၄ နှစ်အရွယ် ကလေး၏ မိခင်ဖြစ်သူက ပြောသည်မှာ မနက်စာအ တွက်ပြင်ဆင်နေစဉ် ပထမဆုံး လက်နက်ကြီးကျည်သည် အိမ်နီးချင်းအိမ်၏ရှေ့ ကွက်လပ်တွင် ကျရောက် ပေါက်ကွဲပြီး သူတို့အိမ်၏ နံရံများ ထိမှန် ပျက်စီးကုန်သည်။

ထိုအချိန်တွင် ကလေးသုံးယောက်မှာ အိမ်နီးချင်းအိမ်၏ ကွက်လပ်တွင် ကစားနေပြီး ၃ ယောက်လုံး ဒဏ်ရာ ပြင်းပြင်းထန်ထန် ရရှိသွားသည်။ ကလေးများကို ဆေးရုံသို့ ချက်ခြင်းပို့ဆောင်သော်လည်း အငယ်ဆုံးကလေး မှာ လမ်းတွင်ပင် သေဆုံးသွားသည်။

နောက်တနေ့တွင် ကျင်းပသည့် ကလေးမလေး၏ ဈာပနသို့ တပ်မတော်၊ တပ်ရင်း ၂၁၇ မှ စစ်သားများ လာရောက်ပြီး မိဘများအား ယွမ်ငွေ ၂၀၀ (ဒေါ်လာ ၃၀) ပေးခဲ့သည်။ တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ် ခဲ့သည်ကို ငြင်းဆိုခဲ့သည်။ သို့သော်လည်း ထိုအချိန်က တပ်မတော်နှင့် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) တို့ကြား တိုက်ပွဲများ ဖြစ်ပွားခြင်းမရှိပေ။

**ဖြစ်ရပ်မှန် ၉ ။ တပ်မတော်၏ လက်နက်ကြီးကျည်ကြောင့် ကလေး ၃ ဦး ဒဏ်ရာရသွားခြင်း။**

ကျောက်မဲခရိုင်၊ ရှမ်းပြည်။
၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်။

ဖေဖော်ဝါရီလ ၈ ရက်နေ့ မနက်တွင် ၇ နှစ်အရွယ် ကလေး ၂ဦးနှင့် ၂ နှစ်အရွယ် ကလေးတို့ ဆော့ကစား နေစဉ် တပ်မတော်မှ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည် ၄င်းတို့အနီးတွင် ကျရောက်ပေါက်ပွဲခဲ့ပြီး ၃ ဦးလုံး ဒဏ်ရာရရှိသွားသည်။

ရွာသားများ၏ အပြောအရ TNLA စစ်သားများမှ မိုင်းထောင်နေသည်ကို တွေ့သည့်အတွက် တပ်မတော်မှ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းဖြစ်သည်ဟု ဆိုသည်။

စစ်သားများက ကျပ် ၂ သောင်း (၁၅ ဒေါ်လာ) စီကို ဒဏ်ရာရသည့် ကလေးများ၏ မိဘများကို ဆေးဖိုးအဖြစ် ပေးခဲ့သည်။

**ဖြစ်ရပ်မှတ် ၁၀။ တပ်မတော်မှ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ရွာသား ၂ ဦး သေဆုံးပြီး ၁၀ ဦး ဒဏ်ရာ ရရှိသွားခြင်း**

နမ့်ဆန်မြို့နယ်၊ ရှမ်းပြည်။
၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၂ ရက်

ရွာသား ၅၀ ဦးခန့် ပွဲတော်အတွက် အကတိုက်နေစဉ် တပ်မတော်မှ လက်နက်ကြီးဖြင့် ပစ်ခတ်လိုက်သဖြင့် ၈ နှစ်အရွယ် ကလေးတဦးနှင့် အမျိုးသားတဦး သေဆုံးသွားပြီး ၁၀ ဦးဒဏ်ရာရရှိသွားသည်။ ဒဏ်ရာရရှိသူများ အား ကုသရန် ဆေးရုံသို့ပို့ဆောင်ထားသည်။

**ဖြစ်ရပ်မှန် ၁၁။ TNLA စစ်သားများပစ်ခတ်မှုကြောင့် ရွာသား တဦးသေဆုံးပြီး အခြားတဦး ဒဏ်ရာရသွား ခြင်း။**

မန်တုံမြို့နယ်၊ ရှမ်းပြည်နယ်။
၂၀၁၇ ခုနှစ် မတ်လ ၁၀ရက်။

**"ငါလည်း သူတို့လို တအာန်းလူမျိုးဖြစ်ရဲသားနဲ့ ငါ့ကိုအဲလို လုပ်တာကို အရမ်းဝမ်းနည်းတယ်"**

မတ်လ ၁၀ ရက်နေ့တွင် TNLS စစ်သားများ ခိုမုန်းရွာအတွင်း ဝင်လာပြီး တပ်မတော်မှ စစ်သားများရှိရာသို့ လက်နက်ကြီးဖြင့် ပတ်ခတ်ခဲ့သည်။ ထိုအချိန်တွင် နစ်နာခဲ့သူအပါအဝင် ရွာသားများ စတင်ထွက်ပြေးကြသည်။ ရွာသား တဦးမှာ ဘုန်းကြီးကျောင်းနားမှ အဖြတ်တွင် TNLA ၏ ပစ်ခတ်ခြင်း ခံရသည်။ ရွာသားက မပစ်ရန်နှင့် မိမိမှာ သာမန်ရွာသားဖြစ်သည်ဟု ပြောသော်လည်း TNLA စစ်သားများမှ ထပ်မံပစ် ခတ်သဖြင့် ရွာသားမှာ လက်မောင်းနှင့် ခါးတွင် သေနတ် မှန်သွားသည်။

ထိုအနားတွင်ရှိနေသည့် ဒုတိယရွာသားမှာလည်း ဘုန်းကြီးကျောင်းအတွင်းရှိ TNLA စစ်သား၏ ပစ်ခတ်ခြင်းခံရ ပြီး ဒဏ်ရာအကြီးအကျယ်ရသွားကာ နေရာတွင်ပင် သေဆုံးသွားသည်။



TNLA စစ်သား၏ ပတ်ခတ်မှုကြောင့် ဒဏ်ရာရရှိသည့် ရွာသား။

အနီးအနားတွင် တပ်စွဲထားသည့် တပ်မတော်မှ စစ်သားများက ဒဏ်ရာရရှိသူ ရွာသားအား ကုသပေးကာ အခြားရွာသားများမှ သူ့အားဆေးရုံသို့ခေါ်ဆောင်သွားသည်။

နစ်နာခဲ့သူမှ "ငါလည်း သူတို့လို တအာန်း လူမျိုးဖြစ်ရဲ့သားနဲ့ ငါ့ကိုအဲလို လုပ်တာကို အရမ်းဝမ်း နည်းတယ်" ဟု ပြောသည်။

**ဖြစ်ရပ်မှန် ၁၂။ RCSS/SSA ထောင်ထားသည်ဟု ယူဆရသည့် မိုင်းနင်းမိ၍ မိန်းကလေးတဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရသွားခြင်း။**

သီပေါမြို့နယ်၊ ရှမ်းပြည်။
၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၁

ဆယ်ကျော်သက်အရွယ် မိန်းကလေး ၃ ဦးသည် လက်ဖက်ခြံတွင် မြေမြှုပ်မိုင်းနင်းမိပြီး ဒဏ်ရာရသွားသည့်အတွက် ဆေးရုံသို့ပို့လိုက်ရသည် မိန်းက လေးတဦးမှာ ဆေးရုံတွင် သေဆုံးသွားပြီး အခြားနှစ်ဦးမှာ ဆက်လက်ကုသခံနေရသည်။



မိုင်းနင်းမိ၍ ဒဏ်ရာရသွားသည့် ဆယ်ကျော်သက်အရွယ် မိန်းကလေး

မည်သည့်အဖွဲ့ထောင်ထားသည့် မိုင်းဖြစ်သည် ကို သဲသဲကွဲကွဲမသိရသော်လည်း ထိုဒေသမှာ RCSS/ SSA လှုပ်ရှားသည့် နယ်မြေဖြစ်၍ ၎င်းတို့ ထောင်ထားသည့်မိုင်း ဖြစ်နိုင်သည်ဟုရွာသားများကယူဆကြသည်။

## ဖြစ်ရပ်မှန် ၁၃။ မြေမြှုပ်မိုင်းထိ၍ ရွာသားတဦးဒဏ်ရာ ရသွားခြင်း

ကျောက်မဲခရိုင်၊ ရှမ်းပြည်။
၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်

ရွာသားတဦးမှာ ဂါးခုတ်နေစဉ် မိုင်းနင်း မိပြီး ဆေးရုံသို့ပို့လိုက်ရသည်။ ဆေးရုံတွင် သူ့ခြေ ထောက်အား ဒူးအောက်မှ ဖြတ်ပစ် လိုက်ရသည်။

တပ်တော်နှင့် TNLA တို့ လှုပ်ရှားရာ ဒေသဖြစ်သဖြင့် မည်သည့်အဖွဲ့က ထောင်ထားသည့်မိုင်းဖြစ်သည်ကို မသိရပေ။



မိုင်းနင်းမိ၍ ခြေထောက်ဖြတ်ပစ်လိုက်ရသည့် ရွာသား

## နိဂုံး

ရွေးကောက်ပွဲတွင် အနိုင်ရပြီးပြီးချင်းမှာပင် ဒေါ်အောင်ဆန်းစုကြည်က ပြည်တွင်းစစ်ရပ်စဲရေးသည် သူတို့အစိုးရ ၏ အဓိကဦးစားပေးလုပ်ငန်းဖြစ်ကြောင်း ယခုလိုပြောဆိုခဲ့သည် "ကျမတို့တိုင်းပြည်မှာ ငြိမ်းချမ်းရေးမရှိဘဲနဲ့ ဘာမှ လုပ်နိုင်မှာ မဟုတ်ပါဘူး"[10]။ လူ့အခွင့်အရေးချိုးဖောက်မှု အများစုကို တိုက်ပွဲများဖြစ်နေသည့် ဒေသများ တွင် စဉ်ဆက်မပြတ် မှတ်တမ်းတင်နေရသည်။

အစိုးရမှ တိုင်းရင်းသားလက်နက်ကိုင် (EAO) များအား တနိုင်ငံလုံးအပစ်အခ တ်ရပ်စဲရေးစာချုပ် (NCA) တွင် လက်မှတ် ရေးထိုးစေရန် တွန်းထိုးလုပ်ဆောင်နေပြီး တပ်မတော်ကလည်း လက်မှတ်မထိုးထားသည့် EAO များကို ငြိမ်းချမ်းရေးညီလာခံ သို့တက်ရောက်စေရန် ပြင်းပြင်းထန်ထန်ထိုးဆင်နေမှုတို့က အောက်ခြေတွင် အကြမ်းဖက်မှုများကို ပိုမိုဖြစ်ပေါ်လာစေသည်[11]။ တိုင်းရင်းသားဒေသများတွင် လူ့အခွင့် အရေးချိုးဖောက်မှုများ ရှိသည်ဟု စွပ်စွဲချက်များအပေါ် ဒေါ်အောင်ဆန်း စုကြည်မှ နှုတ်ဆိတ်နေမှုသည် ၂၀၁၅ ခုနှစ်တွင် NLD ကို မဲပေး ရွေးချယ်ခဲ့ကြသည့် တိုင်းရင်းသားများ၏ သူမဦးဆောင်သည့် အစိုးရအပေါ် ယုံကြည်မှု ကိုပျက်ပြားစေ သည်။

ND-Burma၏မှတ်တမ်းများအရဖော်ပြနေသည်မှာလူ့အခွင့်အရေးချိုးဖောက် မှုများအတွက် အပြစ်ပေးအရေး ယူခြင်းမရှိပါက ဆက်လက်ဖြစ်ပွားနေမည်ဖြစ်သည်။ တပ်မတော်နှင့် EAO များဘက်မှ လူ့အခွင့်အရေးချိုး ဖောက်မှုများအပေါ် နားလည်သဘောပေါက်ပြီး နစ်နာသူများအား ဂန်ချတောင်းပန်ရမည်ဖြစ်သည်။ အတိတ်မှ ပြစ်မှုများအား အသိအမှတ်ပြု လက်ခံခြင်းမရှိပဲ အနာဂတ်တွင် ထပ်မံ ဖြစ် ပွားလိမ့်မည်မဟုတ်ဟု နစ်နာသူများမှ ယုံကြည်မည်မဟုတ်ပေ။ လျော်ကြေး ပေးခြင်း ကဲ့သို့ ရုပ်ပိုင်းဆိုင်ရာ ပေးဆပ်ခြင်းမျိုးသည် နစ်နာသူများ၏ ဘဝ ပြန်လည် တည်ဆောက်နိုင်ရန် အထောက်အကူဖြစ်စေပြီး အစိုးရအနေဖြင့်လည်း လူ့အခွင့် အရေးကို ကာကွယ် စောင့်ရှောက်သည့် တာဂန်ကို ထမ်းဆောင်နေသည်ဟု ပြသရာ ရောက်သည်။

မြန်မာပြည်တွင် အတိတ်မှ ဖြစ်ရပ်များကို ပြန်ပြီးဆန်းစစ်ရန် ငြင်းဆိုနေသရွေ့ ရှေ့သို့ချီတက်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ND-Burma အဖွဲ့ဂင်များအနေဖြင့် အသွင်ကူးပြောင်းရေးကာလတရားမျှတမှုအတွက် လုပ်ဆောင် နေခြင်းဖြစ်သည်။

---

10. South China Morning Post , '"We can do nothing without peace": Aung San Suu Kyi vows ceasefire will be top priority', 4 January 2016, http://www.scmp.com/news/asia/southeast-asia/article/1897945/we-can-do-nothing-without-peace-aung-san-suu-kyi-vows

11. See ND-Burma's briefing: "Without Justice there can be no Peace", 24 May 2017, http://nd-burma.org/without-justice-there-can-be-no-peace/

**ယခုအစီရင်ခံသည့်ကာလအတွင်း မှတ်တမ်းတင်ထားသည့် လူ့အခွင့်အရေးချိုး ဖောက်မှုများ**

| လူ့အခွင့်အရေးချိုးဖောက်မှု အမျိုးအစားများ | မှတ်တမ်းအရေအတွက် |
|---|---|
| စိတ်ထင်တိုင်း မတရားဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ထိန်းသိမ်း ခြင်း | ၂ |
| ပစ္စည်းဥစ္စာများကို သိမ်းဆည်းခြင်းနှင့် ဖျက်ဆီးခြင်း | ၁ |
| သတ်ဖြတ်ခြင်း | ၆ |
| အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု | ၁ |
| ညှဉ်းပန်းနှိပ်စက်ခြင်း | ၁၄ |
| စုစုပေါင်း | ၂၄ |

GPO 315
Chiang Mai 50000
Thailand
+66 (0) 53 304 404
office@nd-burma.org
www.nd-burma.org

Network for Human Rights Documentation - Burma

ND - Burma